# ပညာသင်ကြားရန် ဂျပန်နိုင်ငံသို့မလာမီ စီစဉ်ရမည့်စရိတ်များ

## ပညာသင်ကြားရန် ဂျပန်နိုင်ငံသို့မလာမီ စီစဉ်ရမည့် စရိတ်များ ဘာရှိသလဲ။



### ကျောင်းဝင်ခွင့်မရမီ ကုန်ကျမည့်စရိတ်

#### ကျောင်းဝင်ခွင့်လျှောက်လွှာ မတင်မီ ကုန်ကျမည့်စရိတ်

- စာမေးပွဲများအတွက် စာမေးပွဲကြေး EJU, JLPT, TOEFL အစရှိသည့် စာမေးပွဲများအတွက်
- မိမိတက်လိုသောကျောင်း၏ ဝင်ခွင့်စာမေးပွဲကြေး
- ကျန်းမာရေးစစ်ဆေးခ ... အချို့ကျောင်းသည် ဝင်ခွင့်လျှောက်လွှာတင်သည့်အခါ သို့မဟုတ် ကျောင်းစတက်သည့်အခါ ကျန်းမာရေး ထောက်ခံစာ တင်ပြရမည်။
- ဝင်ခွင့်လျှောက်လွှာ ပို့ခ ... အချို့ကျောင်းသည် လျှောက်လွှာပုံစံ ပို့ပေးခြင်း နှင့် လျှောက်လွှာလက်ခံခြင်းကို စာတိုက်မှတစ်ဆင့် ဆောင်ရွက်ရမည်ဖြစ်သောကြောင့် EMS စသည့်ဝန်ဆောင်မှုအတွက် ပို့ခ လိုအပ်သည်။

#### ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်အတွက် လိုအပ်သည့် စရိတ်

- လေယာဉ်ခနှင့် နေထိုင်စရိတ် ... မိမိနိုင်ငံတွင် ဝင်ခွင့်စာမေးပွဲ ကျင်းပခြင်းမရှိပါက ဂျပန်နိုင်ငံသို့ လာပြီး ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည်။
- လေဆိပ်မှတည်းခိုသည့်နေရာ၊ တည်းခိုသည့်နေရာမှ စာမေးပွဲကျင်းပသည့်နေရာအထိ လမ်းစရိတ်လည်းကုန်ကျသည်။

### ကျောင်းဝင်ခွင့်ရပြီးမှ လိုအပ်မည့်စရိတ်

#### ပညာသင်စရိတ်

- ကျောင်းဝင်ကြေး
- ပထမနှစ်အတွက် ပညာသင်စရိတ်

#### ဂျပန်နိုင်ငံသို့ လာသည့်အခါ ကုန်သည့်စရိတ်

- ခရီးစရိတ်
- နေထိုင်စရိတ် ...... နေအိမ်မတွေ့ခင် ဟိုတယ်တွင် တည်းခိုသည့် တည်းခိုခ

### ဂျပန်နိုင်ငံသို့ ရောက်လာပြီးမှ ကုန်ကျသည့်စရိတ်

#### ဂျပန်နိုင်ငံတွင် နေထိုင်သည့်အခါ လိုအပ်သည့် စရိတ်

- အခန်းခ ..... တိုက်ခန်းတွင် နေမည်ဆိုပါက စာချုပ်ချုပ်ဆိုသည့်အခါ အခန်းခ ၆ လ စာလောက် ကြိုတင်စီစဉ်ထားရန် လိုအပ်သည်။
- ဆက်သွယ်ခ ..... လက်ကိုင်ဖုန်း ဝယ်ယူရန်အတွက် အပါအဝင်

#### ကျောင်းဖွင့်ပြီးမှ ကုန်ကျမည့် စရိတ်

- စာအုပ်စာတမ်းကြေး ..... ပညာသင်စရိတ်အတွင်း စာအုပ်စာတမ်းကြေး ပါဝင်မှု ရှိ မရှိ၊ ကျောင်းသုံးစာအုပ်များ ဝယ်ယူရန် လိုအပ် မလိုအပ် ကို ကျောင်းသို့ စုံစမ်းပါ။
- ကျောင်းတက်ရန်လမ်းစရိတ်
- စားဝတ်နေရေးစရိတ် ..... စားစရိတ်

### အခြားကုန်ကျစရိတ်များ

- နိုင်ငံခြားသို့ ငွေလွှဲခ ...... ဂျပန်နိုင်ငံပြင်ပမှ ကျောင်းစရိတ်စသည်များကို ငွေလွှဲပို့သည့်အခါ ငွေလွှဲခ လိုအပ်သည်။
- နိုင်ငံကူးလက်မှတ်လျှောက်ခ ..... နိုင်ငံခြားသို့ သွားရန် နိုင်ငံကူးလက်မှတ် လိုအပ်သည်။
- ဗီဇာကြေး